

Romance Is Dead
WhiteButterfly
Lucy Xellies

# Part(1)

"သွန်းခေတ္တရာ ... "

"ခွမ်း ... ခလွမ်း ... "

ထပ်ဖြစ်ပြန်ပြီ။ တလွဲတချော်တွေချည်းပဲ လုပ်နေမိတဲ့ ကျွန်တော် ... ပန်းကန် အကွဲများ ရှေ့တွင် ဖရိုဖရဲ လဲကျနေတဲ့ သူငယ်ချင်းကို မေလမင်း တွဲထူ ပေးလိုက်ရသည် ။

"သွန်းခေတ်ရယ် ... နင်ဘယ်လို ဖြစ်နေတာတုန်း"

သွန်းခေတ် တစ်ယောက် မေလမင်းရဲ့ စကားကို တစ်ခွန်းမှ တောင် မပြောနိုင်ဘဲ ရှက်ကိုးရှက်ကန်း ဖြစ်ပြီး ထွက်ပြေး သွားတော့သည် ။

"ဟဲ့ ... သွန်းခေတ် ... ဟဲ့ ... "

သည် လိုနဲ့ ပဲ မေလမင်း တစ်ယောက် ဘာမပြောညာမပြောနှင့် ထွက်ပြေးသွားတဲ့ သူငယ်ချင်း နောက်ကို အသည်းအသန် ပြေးလိုက် ရပါတော့သည် ။

သွန်းခေတ္တရာ ဆိုလို့ မိန်းကလေးလို့ မထင်လိုက်ပါနဲ့ ။ တကယ်တော့ သူက အသားဖြူဖြူ၊ ဆေးမကူတဲ့ နှုတ်ခမ်း ရဲရဲလေးတွေကို ပိုင်ဆိုင်ထားတဲ့ ကောင်လေးတစ်ယောက်။

မျက်ဝန်းညိုတွေကိုမှ မျက်အိမ် ကျယ်ကျယ်လေးက ဝန်းရံထားပြီး ရှ

ည်လျားတဲ့ မျက်တောင် ကော့လေးတွေကိုလည်း ပိုင်ဆိုင်ထားသူ ...

မျက်နှာ ဝိုင်းဝိုင်းလေး အပြင် ပါးမို့မို့လေး နှစ်ဖက်ကြောင့် ချစ်စရာကောင်းသူ ... ထို့ပြင် ရွှေရောင် ဆံပင်လေးများက သူ့ရဲ့ အသွင်အပြင်ကို ပိုတင့်တယ် နေစေသူ ...

၅ပေ ၇လက်မရှိသော အရပ်အမောင်း ... ရှည်လျားသော

ခြေတံတို့ နှင့် လိုက်ဖက်ညီအောင် အမြဲဝတ်ဆင်တတ်သော smart ကျကျ ကောင်လေး တစ်ယောက် ...

မုံရွာစီးပွားရေး တက္ကသိုလ် ... MUE ၏ The Whole King ... ယူထားတဲ့ Majorက စာရင်းကိုင် ...

နေရပ်က ရှမ်းပြည်မြောက်ပိုင်း လားရှိုးက ... ဒါပေမဲ့ အဲဒီလို style ကျပြီး ချောမောတဲ့ ကောင်လေး တစ်ယောက်ဟာ ဘာအကြောင်းတွေကြောင့် အခုလို နမော်နမဲ့ နိုင်နေရတာပါလိမ့် ...

ဖြူဖပ်နေသော အသားအရည် ကိုမှ အားမနာ နေပူပူကြီးထဲ အမိပတိလမ်းဘေးက အုတ်ခုံ တစ်ခုပေါ် စိတ်ပျက်လက်ပျက် ထိုင်နေရှာသော သွန်းခေတ်အနားကို မေလမင်း လျှောက်သွား လိုက်သည်။

"သွန်းခေတ် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ဘူး"

"နင်မညာစမ်းပါနဲ့ ဟာ။ နင်အရင်က ဒီလိုမှ မဟုတ်တာ။ အကြောင်းအရင်းတော့ ရှိရမယ်လေ"

လမင်းတစ်ယောက် ကျွန်တော့်ကို အတင်းမေးနေပြန်ပြီ။ အကြောင်းအရင်းကို ကျွန်တော် ဘယ်လို ပြောပြရပ့ါမလဲ။

အမှန်တော့ မပြောချင်တာ ...

"ငါအတန်းချိန် ရှိသေးတယ်။ သွားတော့မယ်"

လမင်းအမေးကို အဖြေဘဲ စကားလမ်းကြောင်းလွှဲကာ ကျွန်တော် ထွက်လာခဲ့မိသည် ။ အမှန်တော့ ကျွန်တော်ဒီလို ဖြစ်နေရတဲ့ အကြောင်း အရင်း ကြီးကြီးမားမား ရှိနေသည် ။

အဲဒီ အချိန်မှာ ပဲ မျက်နှာချင်းဆိုင်မှ ဆိုင်ကယ် မောင်းပြီး ဖြတ်သွား သော လူတစ်ယောက်ကို မြင်လိုက် ရလေသည် ။ အဲဒီလိုနှင့် အငေး ကောင်းကာ အရှေ့မှာ ပလတ်ဖောင်း အဆုံးသတ်သွားကို သတိ မထား မိလိုက်ဘဲ ခြေလှမ်းကိုအားရ ပါးရ လှမ်းလိုက်မိသောခဏ အရှေ့ကို ဟ ပ်ထိုး ပစ်လဲ ကျတော့သည် ။

ရှက်ကိုးရှက်ကန်းနှင့် ပြန်ထလိုက်ပြီး သူရှိရာကို ကြည့်မိတော့ သူ က အနောက်ကို တစ်ချက်မှ လှည့်မကြည့်သွား။

"ဟူး ... တော်သေးတာပေါ့"

သူသက်ပြင်းချရင်း ပေသွားသည့် ဖုန်တချို့ကို ခါထုတ်လိုက်သည် ။ လူတချို့ကတော့ ဝိုင်းကြည့်လို့ ... ...

တခြား လူတွေ ဝိုင်းကြည့်ကြည့် မကြည့်ကြည့် အရေးမကြီး။ သူမမြ င်ဖို့ ပိုအရေးကြီးသည် ။

သူ ... သူ ... သူဆိုသည် မှာ သွန်းခေတ် အခုလိုတွေ ဖြစ်နေရသည့် အကြောင်းအရင်း ဖြစ်သည် ။

သူသည် ခန့်ညားသည် ။ ချွန်ထက်သော မေးရိုး ... နှာတံဖြောင့်ဖြော င့် ... မျက်ခုံးတန်းတန်းနှင့် နှုတ်ခမ်းကို အမြဲတင်းတင်း စေ့ထားတတ် သော ... ရုပ်တည်ကြီးနှင့် မာနကြီး ဟန်ပေါ်သော ... ရုပ်အကျီ လက်ရ

ည်ကိုမှ အင်္ကျီလက်ကို တစ်ဝက်ခေါက် ထားတတ်ပြီး ပုဆိုး ... သို့မဟုတ် ဘောင်းဘီရှည် အနက်နှင့် အမြဲတမ်း သပ်ရပ်နေသော ... ဆံပင်နက်နက်ကိုမှ ဂျယ်နှင့် အမြဲသပ်ရပ်အောင် ပြင်ဆင်နေတတ်သော ... မကျဉ်းမကျယ်သော မျက်ဝန်းတို့ က ယောကျ်ားပီသပြီး စူးရှသော .. ဖြူဖွေးသော အသားအရည်နှင့် လိုက်ဖက်လွန်းစွာ အဖြူနှင့် အနက်ကိုသာ သဘောတကျ ဝတ်ဆင်တတ်လွန်းသောသူ ...

အရပ်အမောင်းက ၆ပေ၁လက်မ ... ဝါဏိဇ္ဇမေဂျာ ... ဒုတိယနှစ် ... ကားမဝယ်ဘဲ ဆိုင်ကယ်ကို တစ်နှစ်တစ်စီး ပြောင်းကာ ပိုက်ဆံဖြုန်း တတ်လေသော ကိုကို ...

သူ့နာမည်က"ပြုံးခွန်းသ" ... ဒုတိယနှစ်King ...

ပြုံးခွန်းသ ... နာမည်နှင့်လူကတော့ ဆန့်ကျင်ဘက် ဖြစ်သည် ။ ထိုသို့သော လူကို ကြိုက်မိသည့် သူသည် ... ကံဆိုးသည် ။ သို့သော် ... ကံအဆိုးဆုံးသူကို ပြပါဆိုလျှင် သွန်းခေတ္တရာကို ပြရမည် ထင်သည် ...

ပြုံးခွန်းသကို ဘယ်လိုများ ကြံဖန်ပြီး သဘောကျမိသလဲဆို

တော့ ... Fresher Welcome နေ့ကို ပြန်သွားရမည် ...

အဆောင်(၅)၏ အပေါ်ဆုံးထပ်တွင် စည်ကားစွာ ကျင်းပသော ပထမနှစ်တို့ ကို ကြိုဆိုသည့်ပွဲ ... Fresher Welcome ... ခန်းမကြီးထဲသို့ မေဂျာပေါင်းစုံမှ ပထမနှစ်များ အားလုံး ရောက်ရှိ လာကြလေသည် ။

ထို့နောက် ဆရာဆရာမများ ... ပါမောက္ခကြီးများ ရောက်ရှိ လာချိန်တွင် တော့ ကျောင်းသား အားလုံး မတ်တတ် ရပ်ကြရလေသည် ။ မိန့်ခွန်းပြောဆိုခြင်း ... စီနီယာတို့ မှ ဖျော်ဖြေခြင်း ... အစီအစဉ်တို့ ပြီးဆုံးသွားသော် King နှင့် Queen

ရွေးချယ်မည့် အစီအစဉ်သို့ ရောက်ရှိ လာလေသည် ။

စီနီယာ အစ်ကိုကြီး အစ်မကြီးများက selectionများအား လိုက်ရွေးချယ်နေစဉ် ... သွန်းခေတ်သည် လည်း ပထမနှစ်များ ကြားထဲတွင် ငြိမ်ငြိမ်လေး ထိုင်နေလျက် စီနီယာများအား လိုက်ကြည့် နေမိလေသည် ။

သို့သော် ... ကော်လံရှပ်အဖြူ ... စတိုင်ဘောင်းဘီ အနက်နှင့် ခန့်ညား သပ်ရပ်လျက် ရှိသော ပြုံးခွန်းသကို တွေ့လိုက်သည့် တစ်ခဏ တမေ့တမော လိုက်ကြည့် နေမိလေသည် ။

အဲဒီအချိန် အထိတော့ ဘာပြဿနာမှ မရှိသေး။ သို့သော် ... ပြုံးခွန်းသ မျက်လုံးတို့ က သွန်းခေတ် မျက်လုံးနှင့် လာရောက်ကာ အကြည့်ဆုံသော တစ်ခဏ ... ...

စူးရှသော အကြည့်တို့ အောက် သွန်းခေတ် သတိလက်လွတ် ဖြစ်ကာ ယောင်ပြီး မတ်တတ် ထရပ် လိုက်မိလေသည် ။ မတ်တတ် ထရပ်မိပြီးမှ ကြည့်မိ လိုက်လေတော့ ထိုင်နေကြသည့် လူအုပ်ကြားတွင် သူတစ်ယောက်တည်း ထင်ထင်ရှားရှားကြီး ဖြစ်လို့ နေတာကို သတိပြုလိုက် မိလေသည် ။

ရှက်လိုက်တာ ... သေလိုက်ပါတော့ ... သွန်းခေတ် ရှက်ရှက်နှင့် ပြန်ထိုင်ရန် ပြင်လိုက်စဉ် စီနီယာ အစ်မကြီးက သူ့လက်မောင်းကို လာဆွဲလေတော့သည် ။

"မောင်လေးက selection ထဲပါချင်လို့ လား"

"မဟုတ် ... ကျွန်တော် ... ကျွန်တော် ... "

ထစ်ထစ်အအနှင့် ဖြစ်နေပြီးမှ ရှက်ရှက်နှင့်အော်လိုက်မိသည် က ..

. ...

"Toilet သွားချင်လို့ ... ... ... "

... ဟင် ...

အော်လိုက်မိပြီးမှ ပြန်တွေးလိုက်မိတော့ ရှက်စရာ ... ဘယ်လိုတွေ တောင် တလွဲတွေ လုပ်နေမိပြန်ပါလိမ့်။ ဘေးဘီကို မျက်လုံးကစား လိုက်မိပြန်တော့ သူ့ကို စိုက်ကြည့်နေသော ပြုံးခွန်းသကို မြင်လိုက် ရပြ န်တော့ မျက်နှာတွေပါ ပူတက် လာလေသည် ။

ဖြစ်နိုင်လျှင် နေရာမှာ တင်ပဲ အငွေ့ပျံ သွားလိုက်ချင်မိသည် ။ တိတ် ဆိတ်နေသော လူအုပ်ကြား သွန်းခေတ် အသံကြီး ဟိန်း၍ ထွက်သွား သော်လည်း စီနီယာ မမကတော့ ကြားဟန် မပေါ်ဘဲ သွန်းခေတ်ကို နေ ရာမှ အတင်းဆွဲထုတ်ကာ စင်ပေါ်သို့ ခေါ် လာလေသည် ။

ဤသို့ဖြင့် သွန်းခေတ်တစ်ယောက် ပထမနေ့စ် King ဖြစ်လာခဲ့လေ တော့သည် ။

***

## Part(2)

လမ်းလျှောက်ရင်းတွေးရင်းနှင့် အဆောင်သို့ သွန်းခေတ် တစ်ယောက် ပြန်ရောက်မှန်းမသိ ရောက်လာခဲ့လေသည် ။ အဆောင်သို့ ပြန်ရောက်သော် ... ချစ်လှစွာသော အခန်းဖော်က မျက်မှောင်ကြုတ်လျက် စောင့်မျှော်၍ နေလေသည် ။

သွန်းခေတ်ကို ခေါင်းအစ ခြေအဆုံးကြည့်ကာ မျက်မှောင် ပိုကြုတ်သွားသည် မှာ သူ့မျက်ခုံး ထူထူတို့ ထိစပ်လုနီးပါး။

"ဘယ်လိုတွေ ဖြစ်လာတာလဲ။ ဘောင်းဘီတွေမှာ လည်း မြေကြီးတွေ ပေလို့ ။ မင်းရုပ်က Kingရုပ်မထွက်ဘဲ ကြွက်စုတ် ဖြစ်နေပြီ"

"အာ ... အဲဒါက ... "

"အဲဒါကတွေ ဘာတွေ လုပ်မနေနဲ့ ။ ရေသွားချိုးတော့။ မင်းကို ကြည့်မရတော့ဘူး"

အေးအေး ... ခင်တာမှ နှစ်လကျော် ရှိသေးတာ။ ငါ့ကိုပြောတာများ ရစရာကို မရှိဘူး။ သူက ခင်ဖို့ တော့ ကောင်းပါတယ်။ ပွစိပွစိ ပြောတာလေး တစ်ခုက လွဲလို့ ပေါ့။ ဗိဇာကြောင်ပြီး အပြစ် မြင်တတ် လွန်းတဲ့ကောင် ... သေချာပေါက် လူပျိုကြီး ဖြစ်မယ့် လွန်းမာန်ထက် ... သွန်းခေတ် စိတ်ထဲမှ ကျိန်ဆဲ လိုက်မိသော်လည်း အပြင်မှာ တော့ ဘာမှ မပြောဖြစ်လိုက်။ တဘက်တစ်ခု ... ဆပ်ပြာ ထည့်ထားသည့် ခြင်းနှင့်အ

တူ အခန်းအပြင်သို့ မောင်းထုတ်ခြင်းကိုသာ ခံလိုက်ရလေသည် ။

ရေချိုးပြီးလို့ အခန်းထဲပြန်ဝင်လာတော့ ဟိုငနဲက ခုတင်ပေါ်ထိုင်ပြီး Mobile Legand တိုက်နေလေသည် ။

မျက်နှာချွန်ချွန် ... နှာတံဖြောင့်ဖြောင့် ... မျက်ခုံးထူထူနှင့် ယောကျ်ားပီသပြီး သြရှရှ ဖြစ်နေသော အသံကိုမှ အားမနာ မျက်မှောင်ကြီးကျုံ့ပြီး နေရာတကာ အပြစ် လိုက်ပြော တတ်ပြန်တော့ ဣတ္ထိယတို့ ၏ သဘော မတွေ့သော အကြည့်တို့ ဖြင့် မကြာခဏ အကြည့်ခံ ရသူလည်း ဖြစ်ပြန်သည် ။

အရပ်ကလန်ကလားက ၅ပေ၁၁ကျော် ၆ပေနီးပါးလောက် ရှိသည် ။ အသားအရည်က မဖြူမညိုနှင့် ခန္ဓာကိုယ်ကလည်း တောင့်တောင့်တင်းတင်း ... အားလုံးပြီးပြည့်စုံ နေကာမှ မျက်မှောင်ကြုတ်ကာ အမြဲစူပုတ်နေသော မျက်နှာထားက သူ့အသွင်အပြင်ကို ဖျက်တတ်လေသည် ။ သွန်းခေတ်ကိုဆို မတရားကိုမကောင်းပြောရမှ ကျေနပ် တတ်သူရယ်ပါ ...

လွန်းမာန်ထက်ကို ကြည့်ရင်း သွန်းခေတ် အတွေးလွန် နေမိတုန်းစဉ် သူပစ်နေကျ မျက်စောင်းက သွန်းခေတ်ဆီသို့ ဒိုင်းခနဲ ပစ်ဝင် လာလေသည် ။ ထို့နောက် ထပ်မံလာသည် က အလိုမကျသည့် သူ့အသံသြရှရှ ...

"ဘာတွေ အဲလောက် ငေးနေတာလဲ သွန်းခေတ်။ မင်းcrushက ပြန်မကြိုက်လို့ ငါ့ဘက် မြားဦး လှည့်ဖို့ ကြံစည်နေတာတော့ မဟုတ်ပါဘူးနော်"

"ဆုတောင်းလေ ... ယောကျ်ား အချင်းချင်းကို"

သွန်းခေတ် အမြန်တုံ့ပြန် လိုက်သော်လည်း စိတ်ထဲမလုံမလဲ ဖြစ်သွားမိသည် ။ သူသာ သာမန်မဟုတ်တဲ့ သူတစ်ယောက် ဆိုတာကို လွန်းသိသွားရင် သူ့ကို အပေါင်းအသင်း လုပ်ချင်မှာ မဟုတ်တော့ဘူး ဟူ၍လည်း သူတွေးကာ စိတ်ပူနေမိ ပြန်သည် ။ သို့ပေမဲ့ လွန်း၏ တုံ့ပြန်မှုတို့ကြောင့် သူအံ့အားသင့် သွားမိသည် ။

"ယောကျ်ား အချင်းချင်းလည်း ကြိုက်လို့ ရတာပဲကို။ ငါ့ကိုကြိုက်လား ... "

"ငလူး ... ကြိုက်စရာလား ... ငါယောကျ်ားလေး ကြိုက်ရင်တောင် မင်းလိုကောင်ကို ကြိုက်မနေဘူး"

"ဒါဆို ငါမင်းကို ကြိုက်လို့ ရလား ... "

လွန်း၏ အမေးတွေက စနောက်နေပုံ မပေါ်တော့။ သွန်းခေတ် စိတ်ထဲတစ်မျိုးကြီး ဖြစ်လာမိသည် ။ သူ့ကိုလွန်း တမင်အစ်အောက် မေးနေတာပဲလား ... ဒါမှ မဟုတ် သူ့ကို လှောင်ပြောင် ချင်တာလားဆိုတာ သွန်းခေတ် မတွေးတတ်တော့။ သွန်းခေတ် စိတ်တွေ ရှုပ်လာတော့သည် ။ ထို့ကြောင့် လက်ထဲတွင် ကိုင်ထားသော တဘက်ကို လုံးကာ လွန်းမျက်နှာ တည့်တည့်ကို ပစ်ပေါက်လိုက်ပြီး ပြန်ပြော လိုက်လေသည် ။

"ငါ့ကို လာနောက်မနေနဲ့ လွန်း ... သောက်ရူးကောင်"

လွန်းကတော့ မျက်နှာပေါ်က တဘက်ကို ဖယ်ကာ တခွီးခွီး ရယ်လျက် ရှိနေလေသည် ။

"မင်းအသားအရေကလည်း ဖြူနုနေတာပဲ။ ပုံစံလေးကလည်း မိန်းကလေးကျလို့ ။ အဲဒါကြောင့် ငါကြိုက်တာ ထူးဆန်းလို့ လား ... "

ငါအဝတ်လဲလို့ ပြီးပါစေဦး ... ဒီသောက်ကောင် သေပြီသာမှတ် ...

သွန်းခေတ်စိတ်ထဲမှ ကြိမ်းလိုက်မိသည် ။

အဝတ်အစားလည်း လဲပြီးရော လွှန်း၏ ခုတင်ပေါ်ကို ခုန်တက်ကာ လွှန်းလည်ပင်းကို ညှစ်ပါတော့သည် ။

"မသာကောင် ... ငိုးမသား ... ငါ့ကို ကြိုက်တယ်ချည်း ပြောနေ။ မင်းပါးစပ် သောက်ရမ်း ယားနေလည်း ... "

သွန်းခေတ် ဘာလုပ်လုပ် လွှန်းက ဘာမှ ပြန်မလုပ်တတ်။ သွန်းခေတ် ထိုးသမျှ ... ရိုက်သမျှကို ခံရင်း တခွီးခွီး ရယ်နေတတ်တာက သူ့အကျင့်တစ်ခု။ လွှန်းကမခင်လျှင် အဖတ် သိပ်မလုပ်တတ်။ အချေကောင်ကြီးလို နေလေ့ရှိတာကြောင့် သူ့ကို လူတွေ သိပ်အမြင်မကြည်ကြ။ သို့ပေမဲ့ ခင်ပြီဆိုလျှင်တော့ သူက အရင်းနှီးမြန်သည် ။ ပြောချင်တဲ့ စကားတွေ ဇွတ်ပြောတတ်ပြီး အနိုင်ကျင့်သမျှ ကိုလည်း သည်းခံတတ်သော အကျင့်ရှိမှန်း သူနှင့် ရင်းနှီးသူများ သာ သိကြလေသည် ။ သို့သော် သူနှင့် ရင်းနှီးသူကလည်း မုံရွာ တစ်မြို့လုံးမှာ မှ သွန်းခေတ်ရယ် ... မေလမင်းရယ်သာ ရှိသည် ကိုး။

နှစ်ယောက်သား သတ်နေကြတုန်း သွန်းခေတ်ဖုန်းက မြည် လာလေသည် ။ contactကို ကြည့်လိုက်တော့ မယ်လမင်း ...

"ပြော ... မယ်လမု ... "

"ဘောကို မယ်လမုလား ... မနက်ဖြန် ကျူတိုရှိတယ်လို့ ပြောမလို့ ။ နင်တို့ နှစ်ကောင် ကျောင်းလည်း လာကြဦး"

မယ်လမင်း၏ အသံက speaker မဖွင့်ဘဲနှင့်တောင် အတော်လေး ကျယ်နေလေသည် ။

"နင့်အသံကို နည်းနည်း လျှော့စမ်းပါဟာ ... နားငြီးလိုက်တာ။

ဘယ်အချိန်လဲ ... ငါတို့ လာခဲ့မယ်"

"ကိုးနာရီ ... လာခဲ့နော် ... မလာလို့ ကတော့ နင်တို့ အဆောင်အထိ ငါလာသတ်မှာ "

"လာသတ်လေ။ ယောကျ်ားလေး အဆောင်ကို နင်ဝင်ရဲလို့ လား ... "

"ဟက် ... ငါ့ကို အထင်သေးတာလား ... "

ထိုစဉ် လွန်းက ဖုန်းကို သွန်းခေတ်လက်ထဲမှ ဆွဲယူ၍ ပြောလေသည် ။

"ဘာလဲ ... နင်က ... "

"နင်တို့ အဆောင် လာမလို့ လေ ... "

"ရူးနေတာလား ... မလာနဲ့ "

"ဘာလဲ ... နင်တို့ နှစ်ယောက် တွဲနေတာ ငါသိမှာ စိုးလို့ လား ... "

"ဟက် ... ငါက သူ့လိုဖြူဖပ်ဖြူရော်နဲ့ လူမမာကို ကြိုက်စရာလား ... ကြိုက်မယ့်ကြိုက် နင့်ကိုပဲ ကြိုက်မှာ ပေါ့"

ခုနကအပြောနဲ့ များ တခြားစီ။ မယ်လမင်းကလည်း သူတို့ နှစ်ယောက်ကို အတင်း သဘောတွေ စွတ်တူ နေလေသည် ။ သူတို့ နှစ်ယောက် အပြန်အလှန်စရင်း ညားသွားကြလည်း အေးတာပဲဟု သွန်းခေတ် တွေးနေမိလေသည် ။ သို့ပေမဲ့ လက်တွေ့မှာ တော့ လုံးဝမဖြစ်နိုင်သည့် အရာ ...

မေလမင်းက ဖုန်းထဲမှ ပြန်ပြော လာလေသည် ။

"သေ လိုက်လေ။ နင့်ကိုသေတောင် ပြန်မကြိုက်ဘူး။ ငါမအားဘူး

ဟာ ... အဲဒါ ပြောမလို့ ဖုန်းဆက်လိုက်တာ။ ဒါပဲ ဒါပဲ ... "

"အေးအေး ... "

သွန်းခေတ်ကတော့ အတွေးတွေ လွန်နေမိသည် ... သူ့ကိုယ်သူ Gay တစ်ယောက်အဖြစ် ခံယူထားတာက အဌမတန်းကတည်းက ဖြစ်လေသည် ။ သူ့အချစ်ဦးသည် လည်း ယောကျ်ားလေး တစ်ယောက် ဖြစ်ခဲ့သည် ။ အဲဒီနောက် သူ့ကိုယ်သူ သေချာ ဆန်းစစ် ဖြစ်ခဲ့သည် ။ တဖြည်းဖြည်းနှင့် ပိုပိုပြီး သေသေချာချာ သိလာရတာက သူ့စိတ်နှင့် ဖြစ်တည်မှုကိုပါ။

"မင်းက ... ကိုခွန်းသကို ကြိုက်နေတာလား ... "

"ဟမ် ... ဘာပြောတာ ... "

လွန်းပြောသည့် စကားကို မကြားတစ်ဝက် ကြားတစ်ဝက်ဖြင့် ပြန်မေးပြီးသည့်နောက် လွန်းကို ကြည့်လိုက်သော် ... လွန်းကသူ့ဖုန်း Wall paperကို ပြလျက် မေးနေခြင်း ဖြစ်ကြောင်း သိလိုက်သောအခါ ... ပျာပျာသလဲ ဖုန်းကို အတင်းပြန်လုကာ ငြင်းဆန် လိုက်မိလေသည် ။

"မဟုတ်ပါဘူး"

လွန်းကတော့ ရပ်တည်ကြီးဖြင့် မျက်မှောင်ကြုတ်ကာ မေးမြဲမေးလျက် ...

"ဟုတ်တယ်မလား ... မင်းရှက်နေတာလား ... မင်းသူ့ကို မကြိုက်ရင် သူ့ပုံကို ခိုးရိုက်ပြီး Wallpaper ထားစရာအကြောင်းရှိလို့ လား ... "

***

# Part(3)

လွှန်းအမေးကြောင့် သွန်းခေတ် ပိုမျက်နှာ ပူသွားမိသည် ။ လွှန်းက ဖုန်းကို အတင်းရအောင် လုပြီး မေးတော့သည် ။

"ခုတောင် ဖုန်းပြောရင်းနဲ့ မို့ ကြည့်လို့ ရတာ ... ကြည့်စမ်း ကြည့်စမ်း ... lock အထပ်ထပ်နဲ့ ။ အထဲမှာ ဘာတွေရှိလဲ ပြောစမ်း ... "

"ဘာမှ မရှိပါဘူးဆို။ ဘာဖြစ်နေတာလဲ ... ထူးဆန်းလို့ လား ... "

လွှန်းက သွန်းခေတ်ဖုန်းက lockကို လျှောက်ကလိနေရင်း ပြော လာလေသည် ။

"မင်းက ထူးဆန်းတယ်နော်။ ဘာလို့ ယောကျ်ားလေးပုံကို Wallpaper ထားတာတုန်း ... "

လွှန်းမျက်နှာကို အကဲခတ် လိုက်လေတော့ တော်တော်လေး တွေး နေသည့်ပုံ ပေါက်လေသည် ။ ထို့ကြောင့် သွန်းခေတ်စိတ်ထဲ အနည်းငယ် သက်သာ သွားရသည် ။

" ဒီတိုင်းပဲ။ ထားချင်လို့ ထားတာကွာ"

"အေး ... သဘောကျတယ်ဆိုလည်း ထားပေ့ါ။ ဒါပေမဲ့ မင်နေရာမှာ သာ ငါဆိုရင် တခြား ကောင်မလေး လှလှလေးပုံ ထားပါတယ်"

"ငါမိန်းကလေးတွေကို မကြိုက်ဘူး"

"အေးပါ။ မင်းဇီဇာကြောင်ပြီး မိန်းမရွေးမှန်း သိပါတယ်ကွာ"

သူပြောသည့် အဓိပ္ပာယ်ကတစ်မျိုး၊ လွန်းတွေးလိုက်သည် က တစ်မျိုး ... သူ့လက်ထဲမှ ဖုန်းကို ယူဖို့ ချည်း စိတ်လောနေသော သွန်းခေတ်၏ ဆံပင်တို့ ကို လွန်းအသာ ဖွလိုက်သည် ။

"မင်းက အတော်ထူးဆန်းတဲ့ ကောင်ပဲ"

သွန်းခေတ် လက်ထဲကို ဖုန်းပြန်ထည့် ပေးလိုက်ရင်း ပြောလိုက်သော် သွန်းခေတ် ပြုံးသွားလေသည် ။ သွန်းခေတ်သည် တော်တော်ကလေး ဆန်ပြီး ထူးဆန်းသူ ဖြစ်ကြောင်းကိုလည်း လွန်းတွေးလိုက် မိသေးသည် ။ သို့သော် တကယ့်တုံးသည် သူကိုယ်တိုင်မှန်း မသိချေ။ လွန်းက ကျန်တဲ့ နေရာတွေ အကုန်သွက်သည် ။ သို့သော် အချစ်ကိစ္စမှာ တော့ ကမ်းကုန်အောင် ထုံသည် ။

ဒီလိုသူငယ်ချင်းမျိုး ရထားတာ သူ့အတွက်တော့ ကောင်းသည် ဟု သာ သွန်းခေတ်တွေးရင်း သက်ပြင်း အသာလေး ခိုးချလိုက်မိလေသည် ။

မုံရွာ Ocean၏ အနောက်ဘက် လှေကားတွင် ထိုင်၍ ချင်းတွင်းမြစ်ကြီး၏ အလှကို ငေးနေမိသူက ပြုံးခွန်းသ ...

သူသည် တစ်ယောက်တည်း အချိန်ဖြုန်းခြင်းကို နှစ်သက်သည် ။ အပေါင်းအသင်း များ သော်လည်း အချိန်တော်တော်များများမှာ တစ်ယောက်တည်း နေဖြစ်သည် ။ သူငယ်ချင်းတွေ လည်ဖို့ ပတ်ဖို့ ခေါ်လျှင်တောင် သူသိပ်မလိုက်တတ်။ သူ့ဘာသာ တစ်ယောက်တည်း လျှောက်သွားဖြစ်တာက များ သည် ။ အခုလည်း တစ်ယောက်တည်း တစ်စုံတစ်ယောက်ကို လွမ်းဆွတ် နေမိပြန်သည် ။

ပြုံးခွန်းသ ဆိုတဲ့ သူဟာ အများ အမြင်မှာ တည်ငြိမ် လွန်းနေပေမဲ့ အတွင်းစိတ်မှာ တော့ သံယောဇဉ် တွယ်တတ်ပြီး အရမ်းချစ်တတ်တဲ့ သူ တစ်ယောက်ပါ။ ခံစားချက်မရှိတဲ့ သူလို့ ထင်ရပေမဲ့ တစ်စုံတစ်ယောက် ဆီမှာ တိတ်တိတ်လေး ကျရှုံးနေတဲ့ သူပါ ...

မှူး ...

ချစ်ရသောသူမ ... မှူးကဗျာဟန်။ ကိုယ်က တန်ဖိုးထားသလောက် ကိုယ့်ကို နာကျင်မှုတွေသာ ပေးတတ်သော သူမ။ သူမ တစ်ယောက်တည်း အတွက် ရှိသမျှ မာနတွေကို ဘေးချိတ်ပြီး အကြိမ်ကြိမ် ချစ်ခွင့်ပန်ခဲ့ပေမဲ့ ငယ်သူငယ်ချင်းဟူသည့် စည်းတစ်ခုဖြင့် အမြဲခြားထား တတ်လေသော သူမ။ ဒါပေမဲ့ သူမဘာမှ မမှားပါ။ သူမအ တွက်ဆို အမြဲတမ်း လိုသမျှ ဖြည့်ဆည်းပြီး သူမပြောတဲ့ ငါနင့်ကို လက် ခံဖို့ အဆင်သင့် မဖြစ်သေးလို့ ပါ ဆိုတဲ့ မျှော်လင့်ချက်ပေးတဲ့ စကားလုံး တွေအောက် ပျော်ဝင်ပြီး သူမ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယော က် ပြောင်းသွားတာတောင် စိတ်မပျက်နိုင်သေးတဲ့ ပြုံးခွန်းသဆိုတဲ့ သူ့ရဲ့ အမှားတွေပါပဲ။

သူမ အကြောင်း တွေးနေမိတုန်းမှာ ပဲ သူမဆီက ဖုန်းဝင် လာလေ သည် ။

"ဟယ်လို ... မှူး ... "

"ခွန်းသ ... ငါမုံရွာမှာ လာနေမလို့ "

ခွန်းသ ပျော်သွားမိသည် ။ သူမအနားမှာ ရှိခွင့်ရတော့မှာ ဖြစ်လို့ ပေါ့ ။

"ကောင်းတာပေါ့။ လာခဲ့လေ။ အလုပ်ကိစ္စနဲ့ လား ... "

မှူးသည် တက္ကသိုလ်ကို အဝေးသင်သာ တက်ပြီး မိသားစု စီးပွား ရေး ဖြစ်သော"ကြယ်စင်"လုပ်ငန်းစု၏ အချို့လုပ်ငန်းများကို စတင် ကြီးကြပ်နေရသူ ဖြစ်လေသည် ။ အခုလည်း မုံရွာဘက်တွင် လုပ်ငန်း များ တိုးချဲ့ဦးမည်ထင်သည် ။

"ဟုတ်တယ်။ အသစ်ဆောက်ထားတဲ့ အထည်ချုပ် စက်ရုံတွေကနေ အထည်သစ်တွေကို မုံရွာဘက်မှာ စဖြန့်မလို့ လေ။ ငါလာဖြစ်မှာ သေချာတယ်နော်။ အလုပ်တော့များမှာ ။ နင့်ကိုတော့ လာတွေ့နိုင်မှာ မ ဟုတ်ဘူး ။ နင်ပဲငါ့ကို လာတွေ့ရမယ်"

"ငါလာတွေ့မှာ ပေ့ါမှူးရ ... ဘယ်နေ့လောက် ဒီကိုရောက်မလဲ ... "

"နောက်တစ်ပတ်လောက် ရောက်မယ်ခွန်းသ။ ရောက်ရောက်ချင်း နင့်ဆီကို ဖုန်းဆက်ပ့ါမယ်ဟာ"

"ဟုတ်ပါပြီ"

"ဒါဆို ... ဒါပဲနော်"

"အိုကေ ... မျှော်နေမယ်"

Oceanမှ အပြန်မှာ တော့ ခွန်းသ၏ လေထုလေးသည် ပျော်ရွှင်မှုတို့ ဖြင့် ပြည့်နှက် နေခဲ့လေသည် ။

အဆောင်ကို ပြန်ရောက်သော် ... အခန်းထဲကို ဝင်ဝင်ချင်း အကုသိုလ်တွေပါ အလုံးလိုက် ဝင်တော့သည် ။

"နိုင်စစ်မင်း ... မင်းနေရာကို ရှင်းစမ်း ... "

ခွန်းသသည် အသန့်ကြိုက်လွန်းသူ ဖြစ်သော်လည်း သူ့အခန်းဖော်

မှာ တော့ ကြွက်တွင်းမှ လာသူဟု တင်စားရလောက်အောင် ညစ်ပတ်လွန်းသူ ဖြစ်လေသည် ။ တစ်ယောက်တည်း သီးသန့်နေလျှင် ရသော်လည်း အများ နှင့် အဆင်ပြေအောင် အဆောင်နေခဲ့မိခြင်းကို ခွန်းသတော်တော် နောင်တရမိလေသည် ။ သူ့နေရာအထိပါ အမှိုက်များ ရောက်လာ၍ စည်းပင် ခြားထားရသည် အထိ။ တချို့ ယောကျ်ားလေးတွေမှာ ဒီလိုအကျင့်တွေ ရှိတာကို ခွန်းသ သိသော်လည်း သူကိုယ်တိုင်ကတော့ အသန့်ကြိုက်လွန်း၍ သည်းတော့မခံနိုင်။

နိုင်စစ်မင်းကတော့ သူ့ကို ကြောက်ရှာပါသည် ။ ချက်ချင်းထ၍ အခန်းကို ရှင်းလေသည် ။ နိုင်စစ်မင်းသည် သူ့နေရာကို ခွန်းသပြောမှ အမြဲတမ်း ရှင်းလင်းတတ်သော ညစ်ပတ်လေး။ အရမ်းကြီး ရင်းနှီးကြတာတော့ မဟုတ်ပေမဲ့ ခင်တာတော့ ခင်သည် ဆိုသည့် ဆက်ဆံရေးမျိုး ...

နိုင်စစ်မင်း အခန်းရှင်းနေစဉ် အခန်းထဲသို့ လူတစ်ယောက် ဝင် လာလေသည် ။

"မင်းကို ကိုခွန်းသ ဆူထားပြန်ပြီလား ... နည်းတောင် နည်းသေးတယ်။ မင်းက ညစ်ပတ်တာကိုး"

"ရှိုင်းဆက်သွင် ... ဘာလာလုပ်တာလဲ ... "

နိုင်စစ်မင်းက အမှိုက်တွေကို အိတ်တစ်ခုထဲ စုထည့်နေရင်း မေးတော့ ရှိုင်းဆက်သွင်က ရယ်လေသည် ။

"ဟားဟား ... မျက်နှာက ရှစ်ခေါက်ချိုးနဲ့ ။ မနက်ဖြန် ကန်တင်း သွားရင် ငါ့ကိုလည်း ခေါ်ဦးလို့ ပြောမလို့ "

"မင်းဘယ်တုန်းက မနက်စာ စားတတ်သွားတာလဲ ... "

"ဒီလိုပါပဲ။ စားချင်စိတ် ပေါ်လာလို့ ။ ကိုခွန်းသကော ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလား ... "

"အစ်ကိုက မနက်ဆို လက်ဖက်ရည်ဆိုင်ပဲ ထိုင်နေကျလေ"

ခွန်းသက ပြန်ဖြေတော့ ရှိုင်းဆက်သွင်က ပြန်ပြော လာလေသည် ။

"မနက်ဖြန်တော့ လိုက်ခဲ့ပါဗျာ။ အပြောင်းအလဲလေး ဖြစ်သွားတာပေ့ါ"

"ဟုတ်ပြီလေ ... အဲဒါဆို အစ်ကို လိုက်ခဲ့မယ်"

နောက်တစ်နေ့ ကျောင်းကန်တင်းတွင် -

"ဟဲ့ ... ဟိုမှာ ကိုခွန်းသ ... "

မေလမင်း၏ စကားသံအဆုံး ရေခွက်မှောက်သံကို တစ်ဆက်တည်း ကြားလိုက်ရလေသည် ။ သူဟာ ပြုစားနိုင်စွမ်း ရှိသူပါ။ သူ့နာမည်ကြား ရုံနဲ့ ကို သတိလက်လွတ် ဖြစ်သွားလောက်အောင် ရင်ခုန် စေနိုင်တဲ့ သူ။

"သွန်းခေတ်ရယ် ... ထပ်ဖြစ်ပြန်ပြီ"

စားပွဲပေါ် ဖိတ်ကျနေသော ရေတို့ ကို တစ်ရှူးဖြင့် သွန်းခေတ် သုတ်နေရင်း မျက်လုံးတို့ ကတော့ ခွန်းသရှိရာသို့ ရောက်နေမိသည် ။

"ကလွမ် ... "

စားပွဲကို မကြည့်ဘဲ သုတ်လေတော့ ပန်းကန်ကို ထပ်မံတိုက်မိ ပြန်လေသည် ။ ကျမကွဲသည် မှာ ကံကောင်းသည် ဟု ဆိုရမည်။

"ဟဲ့ ... သွန်းခေတ် ... "

မေလမင်း၏ အသံကြားမှ ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားကာ နေရာတွင် ခပ်မြန်မြန် ပြန်ထိုင် လိုက်လေသည် ။ သို့ပေမဲ့ အကြည့်တို့

ကတော့ ခွန်းသဆီသို့ ခိုးကြောင်ခိုးဝှက် အခေါက်ခေါက် ရောက်နေပြန်သည် ။ မတွေ့ရတာ ကြာပြီဖြစ်၍ လွမ်းဆွတ် နေမိသည် ။ တွေ့ရပြန်တော့လည်း ကြည့်၍ မဝနိုင်သော သူ့မျက်နှာ။ ချစ်လွန်း၍ ရူးသွားမည်ဆိုလျှင်တောင် ရူးရူးမိုက်မိုက် ဆက်ချစ်နေမိမယ့် သူ့နှလုံးသားကို သူထိန်းချုပ်၍ မရခဲ့။ ထိန်းချုပ်ဖို့ လည်း မတွေးမိခဲ့ပါ။

"ငါပြောနေတာကြားလား ... သွန်းခေတ်"

မေလမင်း ဘာပြောလိုက်သည် ကို သူမကြားလိုက်ပါ။

"ဟမ် ... ဘာပြောလိုက်တာလဲ ... "

"နင့်ခေါင်းကြီးလည်း စောင်းသွားဦးမယ်။ ဘာတွေ အဲလောက်ကြည့်နေတာတုန်း"

သူ့အကြည့်တို့ က ခိုးကြောင်ခိုးဝှက်မှ ပေါ်တင် ဖြစ်နေသည် ကိုပင် သူမသိလိုက်ပါ။

"ဘာမှ မကြည့်ပါဘူး"

လွန်းကတော့ လျှောက်တွေး တတ်သူပီပီ ထင်တာတွေ လျှောက်ပြော လေတော့သည် ။

"မှန်မှန်ပြောစမ်း။ ဘယ်ကောင်မလေးကို လိုက်ငမ်း နေတာလဲ ... "

"မင်းပါးစပ်ကို ပိတ်စမ်း"

ပန်းကန်ထဲတွင် နောက်ဆုံးကျန်သော အာလူးချောင်းကြော်ကို လွန်းပါးစပ်ထဲ သွပ်ထည့် လိုက်ရင်း သွန်းခေတ် ပြောလိုက်မိလေသည် ။ ဒီကောင်တော့ ဘာတွေ လျှောက်ပြောမှန်း မသိဘူး။

လွန်းက အာလူးချောင်းကြော်ကို ကုန်အောင်ဝါးလိုက်ပြီး စကား ဆ

က်ပြော လာလေသည် ။

"စားလို့ ပြီးရင် ငါတို့ သွားရအောင်"

သွန်းခေတ် မသွားချင်သေးပါ။ ခွန်းသကို အခုမှ တွေ့ရခြင်း ဖြစ်တာကြောင့် ခွန်းသကို သူ့မြင်ကွင်းမှ မပျောက်သွားစေချင်သေး။

"ခဏထိုင်ရအောင်ကွာ"

"ဇနာရီထိုးတော့မယ်။ Tuto ဖြေရမယ်လေ"

လွန်း၏ စကားကို မေလမင်းက ဝင်ထောက်ခံလေသည် ။

"ဟုတ်တယ်လေ သွန်းခေတ်။ ဘာဖြစ်လို့ အတန်းထဲ မသွားချင်တာလဲ ... "

"ငါ ... ငါ ... "

"အစ်မရေ ... ရှင်းမယ်"

သွန်းခေတ် စကားပင် မဆုံးသေး။ ပါးစပ်သွက်သော လွန်းက ဆိုင်ဝန်ထမ်းကို ခေါ်ပြီးနှင့်ပြီ။

ထိုအခါ ဆိုင်အတွင်းဘက်မှ အန်တီကြီး တစ်ယောက် ရောက် လာလေသည် ။

ထိုအန်တီကြီး တွက်ချက်ပြီးသောအခါ ...

"ခုနှစ်ထောင့်ရှစ်ရာ ကျတယ်"

"ဗျာ ... ... "

***

# Part(4)

"ခုနစ်ထောင့် ရှစ်ရာကျတယ် ... ... ... ဘာလို့ အဲလောက်အများကြီးကျတာလဲ ... ကျွန်တော်တွက်ထားတာ အဲလောက်မှ မဟုတ်တာ"

ပတ်ဝန်းကျင်ကိုမှ အားမနာ အသံကျယ်ကြီးနဲ့ အော်နေသောသူမှာ လွန်း ...

အကြောင်းသိသော နှစ်ယောက်မှာ တော့ ခေါင်းပင် မဖော်ရဲ။

မေလမင်းက လွန်းလက်ကို ဆွဲဆိတ်လိုက်ကာ တိုးတိုးလေး ပြောလာလေသည် ။

"ဘယ်လိုဖြစ်နေတာလဲ လွန်း။ နင်ဘာမှ မသိရင် ငြိမ်ငြိမ်နေစမ်း"

သွန်းခေတ်က အိတ်ထဲက ပိုက်ဆံကို ထုတ်မယ်အလုပ် လွန်းက အိတ်ကို ဆွဲလုပြီး ပြောလာပြန်သည် ။

"သေချာ ပြန်တွက်ကြည့်ဦးနော် အန်တီ"

ခုနကတော့အစ်မ အခုတော့အန်တီ ... တတ်လည်း တတ်နိုင်သူရယ်ပါ။ ထိုအန်တီလည်း စိတ်တိုနေပုံ ပေါက်နေလေပြီ။

"ကွဲသွားတဲ့ ပန်းကန်ဖိုးပါ ပေါင်းရှင်း ခိုင်းနေတာဟဲ့။ ဈေးမှားတွက်ရအောင်ငါက တစ်နှစ် နှစ်နှစ်တည်း ဆိုင်ဖွင့် စားလာတာ မဟုတ်ဘူး "

အန်တီကြီး၏ အသံကြောင့် တစ်ဆိုင်လုံးမှ လူများ လွန်းတို့ ကို

ကြည့်လာကြလေသည် ။

သွန်းခေတ်လည်း ရှက်လာ၍ ဒေါသဖြစ်ဖြစ်နှင့် ထရပ်တော့မည့် လွန်း လက်ကိုဆွဲကာ ပြန်ထိုင်ခိုင်း လိုက်လေသည် ။

" မဟုတ်ဘူး ငါ ... ဟိုတစ်နေ့က ... "

သွန်းခေတ် စကားတောင်မဆုံးသေး ... လွန်း၏ အော်ငေါက်ခြင်းကို ခံလိုက်ရလေသည် ။

"မင်းအသာနေ ... "

တစ်ဖက်လူက ဒေါသထွက်လျှင် ထိုလူထက်ဆယ်ဆ ဒေါသ ပိုထွက်တတ်သော လွန်းရယ်ပါ။

သွန်းခေတ်ကို အော်ငေါက်ပြီးနောက် အန်တီကြီးဘက်ကို လွန်း ဆတ်ခနဲ လှည့်လိုက်ကာ ပြန်ပြောလေတော့သည် ။

"ကျွန်တော်တို့ ဘာပန်းကန်မှ ခွဲမထားဘူး အန်တီ"

"အဲ့ကောင် တော်တော်စွာတာပဲ။ ယောကျ်ားလေး ဖြစ်နေပြီးတော့။ အမြင်ကတ်ဖို့ ကောင်းလိုက်တာ"

အခြေအနေ အကြောင်း ဘာမှ လည်း သိတာမဟုတ်ဘဲနှင့် အသားလွတ် အမြင်ကတ်နေသော တစ်ဘက်ဝိုင်းမှ ရှိုင်းဆက်သွင်။ ခွန်း သကတော့ ဘာမှ မပြော။ ထိုစဉ်-

"ဖြောင်း ... "

ထွက်ပေါ်လာသော ရိုက်သံ ခပ်ကျယ်ကျယ်နှင့် အတူ နာကျင်သွားသော ဂုတ်ကို ပွတ်လိုက်ရင်း လွန်းလှည့်ကြည့်လိုက်တော့ တရားခံက မေလမင်း ဖြစ်လို့ နေသည် ။

"ငါ့ကိုဘာလို့ လာရိုက်တာတုန်း ... "

အသားလွတ်ကြီး အရိုက်ခံ လိုက်ရသည် ဟု လွန်းတွေးနေစဉ် မေလ မင်းက ပြော လာလေသည် ။

"နင်ကျောင်းမလာတဲ့ နေ့တုန်းက နင့်အခန်းဖော်က ပန်းကန်ခွဲထား လို့ ဟဲ့ ... မသာရဲ့ ... ဘယ်လိုဖြစ်လို့ ဒီလောက် အော်ဟစ်ပြီး ကတ် ကတ်လန် ရန်တွေ့ နေရတာတုန်း ... ဘာမှ သိတာလည်း မဟုတ်ဘဲနဲ့ ... ... "

သို့သော် လွန်းတစ်ယောက် နောင်တရပုံ မပေါ်။ သူ့အမှားဟု လည်း မထင်သော ငလွန်း။

"ဟမ် ... ငါမှ မသိတာကို။ နင်က စောစောက ပြောတာ မဟုတ်ဘူး "

"ငါကော သွန်းခေတ်ကော ပြောဖို့ လုပ်နေတာကို နင်က အတင်း အော်နေတာလေ။ တော်ပြီ။ ခုနေရာမှာ ပြန်ထိုင်စမ်း ... ပြီးတော့ နင့် ပါးစပ်လေးကို ပိတ်ပြီး ငြိမ်ငြိမ်နေတော့။ မဟုတ်ရင် နင့်ကို ငါရေနွေးကြ မ်းနဲ့ ပက်မိတော့မယ်"

မေလမင်း မျက်လုံးကြီးပြူး မျက်နှာကြီးမဲ့ကာ လွန်းကို ခြိမ်းခြောက် ပြီးနောက် အန်တီကြီးဘက် လှည့်ကာ ပိုက်ဆံလေး ထုတ်ပေးလျက် ပြုံး ပြုံးလေး ပြော လာလေသည် ။

"ကျွန်မ သူငယ်ချင်းက အဲလိုပဲ မို့လို့ ပါနော် အန်တီ။ စိတ်မဆိုးပါနဲ့ နော် "

ထိုအခါမှ အန်တီကြီးလည်း စိတ်လျှော့သွားပြီး ပိုက်ဆံယူကာ ဆိုင် ထဲ ပြန်ဝင်သွားလေသည် ။

ထိုအန်တီကို ကြည့်နေမိပြီးနောက် ဘေးဝဲယာကို လွှန်းကြည့်မိလိုက်တော့ သူ့ကို မီးထတောက်မတတ် စိုက်ကြည့်နေကြသော သူငယ်ချင်း နှစ်ယောက်အား တွေ့လိုက်ရလေသည် ။ လွှန်းတစ်ယောက် မျက်နှာငယ်လေးနှင့် ကြည့်၍ ပြောရှာလေသည် ။

"ငါ ... ငါလည်း ... မသိလို့ ပါနော်။ နင်တို့ မှ ... ငါ့ကို မပြောတာကို "

"လာစမ်း ... "

"အ ... ... အ ... ... နာတယ်လေ ... လမင်း ... "

"အ ... ... ငါ့နားရွက်ကို ဘာလို့ လာဆွဲတာလဲ ... "

လွှန်းနှင့်အတူ ရော၍ နားရွက် ဆွဲခံလိုက်ရသောကြောင့် လမင်းကို သွန်းခေတ် မေးမိလေသည် ။

"တစ်ယောက်က ဘာမှ မသိဘဲ လျှောက်ပြောလို့ ။ နောက်တစ်ယောက်က ကိုယ့်ယောကျ်ား ကိုယ်မတားလို့ "

"ဟာ ... သူက ငါ့ယောကျ်ားမှ မဟုတ်တာ။ နင့်ယောကျ်ားလို့ ပြောရင်ပြော ... အား ... ... ... "

နားရွက် အဆွဲခံနေရသည့် ကြားမှ အတွန့် တက်လိုက်မိတာကြောင့် သွန်းခေတ် ပိုနာ သွားရလေသည် ။ လွှန်းကတော့ လုံးဝကို အရှက်မရှိသည့်သူ ပီပီ တဟီးဟီးနှင့် ရယ်နေလေသည် ။ သွန်းခေတ်ကတော့ သူ့မျက်နှာ သူစာအုပ်ကြီးနှင့် ကာ၍ နှစ်ယောက်သား မေလမင်း ဆွဲခေါ်ရာ နောက်သို့ ပါသွားလေတော့သည် ။

ဆိုင်ထဲမှ ထွက်ခွာသွားသော သူတို့ သုံးယောက်ကို ကြည့်နေရင်း ခွန်းသ ပြုံးမိလေသည် ။ သူမခံစားဖူးတဲ့ စစ်မှန်တဲ့ သူငယ်ချင်းဆိုသည့်

ခံစားချက်ကို သူတို့ သုံးယောက်က အပြည့်အ၀ ဖော်ပြနေသည် ဟု သူခံစားရလေသည် ။

"ကိုခွန်းသ"

နိုင်စစ်မင်း၏ ခေါ်သံကြောင့် ခွန်းသအာရုံကို ပြောင်းလိုက် ရလေသည် ။

"အင်း ... ပြောလေ"

"သူတို့ သုံးယောက်က ရယ်ရတယ်။ ကျွန်တော်တို့ မေဂျာကပဲလေ"

"ဟုတ်လား ... "

"အင်း ... ဒါပေမဲ့ သူတို့ က Act(စာရင်းကိုင်)က။ သုံးယောက်လုံးက နာမည် ကြီးကြတယ်။ ခုနက ရန်ဖြစ်တဲ့ ကောင်က လွှန်းမာန်ထက်တဲ့ ။ အဲ့ကောင်က လူမြင်ကတတ် အခံရဆုံး စာရင်းမှာ နံပါတ်တစ်။ ကောင်မလေးနာမည်က မေလမင်း။ သူက Queen Selection။ ဆံပင်ရွှေရောင်နဲ့ တစ်ယောက် ကျတော့ သွန်းခေတ္တရာတဲ့ ။ သူ့ကိုတော့ အစ်ကိုလည်း သိလောက်မှာ ပါ။ ကျွန်တော်တို့ နှစ်ရဲ့ Kingလေ"

"သြော် ... မှတ်မိပြီ။ Welcome နေ့တုန်းက မတ်တတ် ထရပ်တဲ့ ကောင်လေး"

"သူတို့ သုံးယောက်က အမြဲတမ်း ဆူညံနေတာ။ အဆောင်(၁၀)မှာ ဆူဆူညံညံကြားရင် ထွက်မကြည့်လိုက်နဲ့ ။ သူတို့ ပဲ။ ရယ်လည်း ရယ်ရတယ်။ ပြောလိုက်ရင် ပေါက်ကရတွေချည်း။ ဒါပေမဲ့ သွန်းခေတ္တရာက ငြိမ်တယ်။ ဟိုနှစ်ယောက်ကသာ စပ်စလူး ခါနေတာ"

"မင်းကို ဘယ်သူက ရိုက်စစ်နေလို့ လဲ။ အတင်း လာပြောပြနေတယ် "

ရှစ်ခေါက်ချိုး မျက်နှာနှင့်အတူ ပြောလာသူက ရှိုင်းဆက်သွင်။

"အမ် ... မဟုတ်ပါဘူး။ အကြောင်းတိုက်ဆိုင်လာလို့ ပြောပြတာပါ။ မင်းက ဘာဖြစ်နေတာလဲ ... "

"ငါအဲဒီ စွာကျယ်ကျယ်နဲ့ ကောင်ကို ကြည့်မရဘူး"

"သူ့ကို တော်တော်များများ အမြင်ကတ် ကြပါတယ်ကွာ။ ထားလိုက်စမ်းပါ။ မင်းအမြင်ကတ်တော့လည်း သူသိတာ မဟုတ်ဘူး ။ မင်းပဲ အလကားစိတ်တိုနေမှာ ။ မေ့ထားလိုက်"

"အေးကွာ ... မြင်မြင်ချင်း အမြင်ကတ် ရလောက်အောင် ဘယ်ဘဝက ရေစက်မှန်းမသိဘူး"

***

အတန်းထဲသို့ ဆူညံစွာ အော်ဟစ်ပြီးဝင်လာကြသော သူတို့ သုံးယောက်ကို အတန်းဖော်များ မြင်ကြသော်လည်း သူတို့ အတွက်တော့ အထူးအဆန်း မဟုတ်တော့။ ထို့ကြောင့် တစ်ယောက်မှ အထူးအဆန်းလုပ်ပြီး မကြည့်ကြသလို ပြောလည်း မပြောကြပေ။

"သွန်းခေတ် ... နင်ဘယ်လို ဖြစ်နေတာလဲ ... တစ်နေ့တစ်နေ့ တလွဲတချော်နဲ့ ။ ခုနကလည်း အသံကို မထွက်ဘူး။ နင်ဘာတွေဖြစ်နေတာလဲ ... "

"ငါ ... ဘာမှ မဖြစ်ပါဘူး"

"နင်တစ်ခုခုတော့ ဖြစ်နေတယ်နော် သွန်းခေတ်"

မေလမင်း၏ စကားကို လွန်းက ဝင်ထောက်ခံလေသည် ။

"ဟုတ်တယ် ဟုတ်တယ်။ သာမန် အချိန်တွေဆို မင်းပုံမှန်ပဲနော်။ တ

စ်ခါတစ်ခါမှ ထထ ဖောက်တာ"

"အဲဒါက ... ငါ ... ငါ ... အခုရက်ပိုင်းတွေအိပ်ရေးပျက်တာများ နေ ... "

"မင်းအိပ်တာ ငါ့ထက် စောတယ်လေ သွန်းခေတ်ရ"

သွန်းခေတ် လိမ်ချင်ပါသော်လည်း သူငယ်ချင်းက အခန်းဖော် ဖြစ်နေသောကြောင့် လိမ်ဖို့ အခွင့်မသာ။

"ငါစိတ်ဖိစီးမှုတွေများ နေလို့ ... အဲဒါကြောင့်ပါ"

မေလမင်းက မယုံသော အကြည့်ဖြင့် ကြည့်ကြည့်သော်လည်း မျက်မှောင်ကြီးကျုံ့၍ ရုတ်တရက် စဉ်းစားသွားရသူမှာ လွန်း။ ထို့နောက် လွန်း ပြောချလိုက်သည် က-

"အဲဒါကြောင့် ဖြစ်မယ်။ မင်းထူးဆန်းနေတာ။ ကိုခွန်းသပုံကို Wallp aper ထားလိုထားနဲ့ "

"ဟမ် ... ဘာပြောတယ် ... "

လွန်း၏ တွေးတွေးဆဆ ပြောသံအဆုံး မေလမင်း၏ အသံကျယ်ကြီး ထွက်ပေါ် လာလေတော့သည် ။ သွန်းခေတ် ချက်ချင်းပင် ငိုချင်သွားမိလေသည် ။ လွန်းတစ်ယောက် အရူးလက်ထဲကိုမှ ဗုံးသွားထည့်ပေးလိုက်သည် ကိုး။

***

## Part(5)

"ဟမ် ... ဘာပြောတယ် ... နင်က ကိုခွန်းသပုံကို Wallpaper ထားတယ် ... ဟုတ်လား ..."

လမင်း အသံကျယ်ကြီးက တစ်ခန်းလုံး လှည့်ကြည့် လာလောက်အောင် ကျယ်တာကြောင့် မေလမင်း ပါးစပ်ကို လက်နှင့် ပိတ်လိုက်ရင်း သွန်းခေတ် အတင်း တားရလေသည် ။

"တိုးတိုးပြောစမ်းပါဟ။ အကုန်လှည့်ကြည့်ကုန်ပြီ"

ထိုအချိန်မှ မေလမင်းသည် သူ့အသံကို လျှော့လေတော့သည် ။

"တကယ်ကြီးလား ... "

လွန်းကတော့ သူ့အဆိုကို အရမ်းတွေ စွတ်အတည် ပြုနေလေသည် ။

"ဟုတ်ပါတယ် ဆိုနေမှ ။ နင်မယုံရင် သူ့ဖုန်း wallpaper ကိုကြည့်လိုက်"

လွန်း၏ စကားအဆုံး မေလမင်းသည် သွန်းခေတ်၏ ဖုန်းကို အတင်းလိုက်လု လေတော့သည် ။

"ဟဲ့ ... ... ... ငါ့ကိုပြစမ်း ... သွန်းခေတ် ... "

"မပြဘူးဟာ ... "

"အေး ... နင်မပြရင် လွန်းပြောတာ အမှန်လို့ ငါယူဆမယ်"

သွန်းခေတ်ဘဝက ဘယ်ဘက်ပြေးပြေး မလွတ်နိုင်တော့သည့် ဘဝ။ ထို့ကြောင့် ဘာလုပ်ရမှန်း မသိတာနှင့် မေလမင်းဆီ ဖုန်းကြီး ပစ်ပေးလိုက်ကာ အခန်းထဲမှ ပြေးထွက် လာခဲ့လေတော့သည် ။

"ဟဲ့ ... သွန်းခေတ် ... ဘယ်ပြေးသွားတာတုန်း ... နင့်ဖုန်းက loc kခတ် ထားတာကြီးကို"

မေလမင်းကတော့ ဖုန်းကြီးကိုင်ကာ ကြောင်တောင်တောင်နှင့် ကျန်ခဲ့ လေတော့သည် ။

အဆောင်(၃)၊ ဝါဏိဇဗေဒဌာနရှေ့ ရောက်တော့မှ သွန်းခေတ် အပြေးရပ်တော့သည် ။ အဆောင်ရှေ့က သစ်ပင်များ အောက်ရှိ ခုံဝိုင်းလေးတွင် ဝင်ထိုင်လိုက်ရင်း အသက်ကို မနည်း ရှူနေမိလေသည် ။ ထိုစဉ်-

"ရေသောက်ဦးမလား ... "

ဟူသော အသံနှင့်အတူ ပါးကိုလာထိသော ရေခဲရေဘူး အေးစက်စက်ကြောင့်-

"အောင်မလေး ... ... ... "

သွန်းခေတ် အလွန်လန့်သွားပြီး ထခုန်လိုက်ရာ ခုံပေါ်မှ ပြုတ်ကျသွားလေတော့သည် ။

ထိုအသံပိုင်ရှင်လည်း ရေဘူးကို ခုံပေါ်ချကာ သွန်းခေတ်ကို လာထူပေးလေသည် ။

လဲသွားရာမှ ပြန်ထရင်း ထိုလူကို ကြည့်မိလေတော့ သွန်းခေတ်တစ်

ယောက် သတိလက်လွတ် ဖြစ်သွားရပြန်သည် ။ လာထူပေးသူက ခွန်းသ ...

"အဆင်ပြေရဲ့ လား ... ညီလေး ... "

ခွန်းသ ပြောသမျှ မကြားတော့ဘဲ ခွန်းသမျက်နှာကိုသာ တစ်စိမ့်စိမ့် ကြည့်နေမိသူက သွန်းခေတ် ...

သူ့မျက်နှာကို တစ်ခါမှ ဒီလောက် နီးနီးမမြင်ဖူးဘူး။ အသားအရည်လည်း ကောင်းတယ်။ ဘာမှ ကို ပြောစရာ မရှိလောက်အောင် ချောမွေ့နေတာပဲ။ အနီးကပ်တွေ့ရမှ ပိုချောလိုက်တာ ...

ငေးရုံမက အတွေး ပင်လယ်ထဲတွင် ပါ သွန်းခေတ် လက်ပစ်ကူးနေမိ ပြန်သည် ။

"ညီလေး ... "

ခွန်းသ နောက်တစ်ကြိမ် ထပ်ခေါ်မှ သွန်းခေတ် ကြားတော့သည် ။

"ဗျာ ... ဗျာ ... "

"အဆင်ပြေရဲ့ လား ... "

"ဟုတ် ... "

သွန်းခေတ် ရင်တွေလည်း တလှပ်လှပ်ကို ခုန်နေသည့်အပြင် မြေကြီးနှင့် ခြေထောက်ပင် မထိတော့သလိုလို ... သူ့ဝိညာဉ်နှင့် ခန္ဓာကိုယ် မတွဲကပ်နေတော့ သလိုလိုပင် ခံစားနေရလေသည် ။ ခေါင်းတစ်ခုလုံးလည်း ပူထူကာ ခြေထောက်တို့ သည် လည်း တဆတ်ဆတ် တုန်နေလေသည် ။ ခွန်းသသည် သွန်းခေတ် လက်မောင်းကို အသာကိုင်၍ ထိုင်ခုံပေါ်တွင် ပြန်ထိုင်နိုင်အောင် ကူညီ ပေးလေသည် ။

"နေမကောင်းဘူးလား ... "

ခွန်းသအမေးကို ပြန်ဖြေရာတွင် သူခေါင်းခါမိ လိုက်သော်လည်း ပါးစပ်မှ ထွက်သွားသည် က-

"ဟုတ်"

ဟူသောအဖြေ။ သွန်းခေတ်ကို ကြည့်ရင်း ခွန်းသ ရယ်မိလေသည် ။

"မင်းက ကြောင်တောင်တောင်နဲ့ နော်။ ရယ်ရတယ်"

ခွန်းသ၏ အပြုံးတို့ အပြောတို့ အောက်တွင် အရည်ပျော်ရုံမက အငွေ့ပါ ပျံ့နေသူမှာ သွန်းခေတ်။ သူဘယ်လို တုံ့ပြန်လိုက်မိလည်း မသိတော့။ သို့ပေမဲ့ ခေါင်းညိတ်လိုက်မိတာတော့ အသေချာပင်။

... ကျွန်တော်ကခင်ဗျားကြောင့်ပဲ ကြောင်တောင်တောင် ဖြစ်တာပါ ...

"နေမကောင်းရင် ဆေးခန်းသွားမလား ... အစ်ကို လိုက်ပို့ပေးမယ်လေ"

"အာ ... ကျွန်တော် ... နေ ... နေကောင်းပါတယ်။ ခေါင်းထဲမှာ ... နည်းနည်းလေးနေလို့ ... ထိုင်းမှိုင်း ... နေတာ"

"ဩော် ... ဟုတ်ပြီ။ ဒါဆို အစ်ကို သွားတော့မယ်"

ထထွက်သွားသော ခွန်းသကို မသွားစေချင်၍ တားလို့ ရလိုရငြား ပြောလိုက်မိသော စကားက ...

"အစ်ကို့မှာ ရည်းစားရှိလား ... "

"ဟမ် ... ဘာလို့ လဲ ... "

... Shit ... သေစမ်း ... ငါဘာတွေ မေးမိလိုက်တာလဲ ... ...

ကိုယ့်ကိုယ်ကိုယ် အတွေးထဲကြိတ်၍ ကျိန်ဆဲ လိုက်မိပြီးနောက် ... သွန်းခေတ် တစ်ယောက် မျက်နှာပင် ဘယ်နားသွားထားရမည် မသိ။ မျက်နှာတစ်ခုလုံး ပူထူလာကာ ထွက်ပြေး သွားချင်မိသော်လည်း သူအဲလို လုပ်၍ မဖြစ်။ ဒီနေ့မှ ပြဿနာတွေ တန်းစီပြီး တွေ့နေရတဲ့ သူ့အဖြစ်။

"ကျွန်တော် ... ကျွန်တော် ... "

သူဘာပြန်ဖြေ ရမယ်မှန်းလည်း သူမသိ။ နောက်ဆုံး အဖြေတစ်ခုကို စဉ်းစားလိုက်မိ၍ တော်ပါသေးသည် ။

"ကျွန်တော့် သူငယ်ချင်းက သိချင်လို့ တဲ့ ။ အဲဒါကို သတိရလိုက်လို့ပါ ... "

သွန်းခေတ် ပြောသာ ပြောနေရသည် ။ ရင်ထဲမှာ တော့ တထိတ်ထိတ်နှင့်။

"ဩော် ... ဟုတ်လား ... ဒါက အစ်ကို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေ။ မပြောပြရင်လည်း ရမယ်လို့ ထင်တာပဲ"

"ဟုတ်။ ကျွန်တော့်သူငယ်ချင်းကို အဆင်ပြေသလိုပဲ ပြန်ပြောလိုက်ပါ့မယ်"

"အင်း ... ဟုတ်ပြီ"

ဟု ဆိုကာ ခွန်းသ ထွက်သွားလေသည် ။ ထိုအချိန်မှ သွန်းခေတ် ... ဟင်းခနဲ သက်ပြင်း ချလိုက်မိလေသည် ။

ကျောင်းခန်းထဲ ကျန်ခဲ့သော သူနှစ်ယောက်မှာ တော့ ဆရာဝင်၍ စာသင်နေသည့်တိုင် ဂနာမငြိမ်နိုင်သေး။ စားပွဲပေါ်တွင် စာအုပ်ကို ဖြန့်ချထားသော်လည်း လက်ကတော့ ဖုန်းကို ကလိနေသူမှာ မေလမင်း။ မေ

လမင်းဘေးတွင် ထိုင်၍ ဘယ်အချိန် ဆရာမိသွားမလဲ မျက်ခုံး လှုပ်နေသူမှာ လွန်း။ နှစ်ယောက်သား တော်တော်လေးကို အဆင်မပြေ ဖြစ်နေကြလေသည် ။ password ကလည်း ဂဏန်းမဟုတ်။ ဂဏန်းဆိုလျှင်တောင် လျှောက်မှန်းထည့်၍ ရသေးသည် ။ အက္ခရာစာလုံးနှင့် ဖြစ်နေတာကြောင့် မြန်မာလိုလား ... အင်္ဂလိပ်လိုလားပင် မမှန်းတတ်အောင် ရှိနေလေသည် ။ လွန်းကတော့ သူစဉ်းစား၍ ရသမျှကို ပြောပြရှာပါသည် ။

"သူအကြိုက်ဆုံး ဇာတ်ကားလေ ... ဟယ်ရီပေါ်တာ"

"လခွမ်း ... ဟယ်ရီပေါ်တာကို password ထားပဲ့မလား"

"မှန်ရင်လည်း မှန်သွားမှာ ပေါ့"

ထည့်ကြည့်လိုက်သော် ... မှားနေပြန်သည် ။

"မှားနေတယ်ဟ့။ သူ password ဖွင့်တာကို မမြင်ဖူးဘူးလား ... "

"မကြည့်မိဘူးဟ"

"နေဦးနေဦး ... ငါကြံပါဦးမယ်။ ပြုံးခွန်းသ ... ဒါလည်း မဟုတ်သေးဘူး"

"အင်္ဂလိပ်လို ရေးကြည့်"

"နင်စာလုံး ပေါင်းတတ်လို့ လား ... "

"မပေါင်းတတ်ဘူးဟ"

"ထည့်ကြည့်တာပေါ့ ... မှားနေတုန်းပဲ"

နှစ်ယောက်သား တိုးတိုးတိုးတိုးနှင့် ပွစိပွစိ လုပ်နေကြစဉ်-

"ဟိုနားက ခေါင်းချင်းဆိုင်နေတဲ့ အချစ်ငှက်လေးတွေ။ နေရာက ထ

ပြီး အတန်းရှေ့ကို ထွက်လာမယ်"

ဟူသော ဆရာမ၏ အသံကို ကြားလိုက်ရလေသည် ။

နှစ်ယောက်သား ခေါင်းမော့ကြည့် လိုက်လေတော့ ဆရာမက သူတို့ အနားပင် ရောက်နေလေပြီ။

"ဘာတွေ ဒီလောက် ပြောနေကြတာလဲ ... ဒါက စာသင်ခန်း။ ချိန် တွေးရမယ့် နေရာ မဟုတ်ဘူး "

မေလမင်းက လက်ထဲကဖုန်းကို အိတ်ထဲ အမြန် ထည့် လိုက်လေသ ည် ။

"ဟီး ... တီချယ် ... သမီးတို့ က ရည်းစားတွေ မဟုတ်ဘူး ... "

"မှန်မှန်ပြောစမ်း ... ဘာတွေ ပြောနေတာလဲ ... "

"မဟုတ်ပါဘူး ... တီချယ်ရဲ့ ... "

"တိတ်စမ်း ... အတန်းပြီးတဲ့ အချိန်အထိ နင်တို့ နှစ်ယောက် မတ် တတ်ရပ်နေ ... ဒါပဲ"

"ဟုတ် ... "

ဒါတောင် နှစ်ယောက်သား ရပ်နေတာတောင် ကောင်းကောင်း မရပ် ဘဲ တစ်ယောက်နှင့် တစ်ယောက် တံတောင်နှင့်တွတ်ကာ အသံတိတ် ရန်ဖြစ်နေကြသေးသည် ။

"ဟဲ့ ... ငြိမ်ငြိမ်နေစမ်း ... နင်တို့ ကို လက်ပါမြှောက်ထား ခိုင်းမှာ နော်"

ဟူသော တီချယ့်အသံကြားမှ နှစ်ယောက်သား မျက်နှာကြီးတွေ စူပု တ်ကာ ငြိမ်သွား လေတော့သည် ။

ကျောင်းမှ လွန်းပြန်လာသော် အခန်းထဲတွင် ခွေခေါက်ကာ အိပ်နေသော သွန်းခေတ်ကို တွေ့လိုက်ရလေသည် ။ သွန်းခေတ်၏ လွယ်အိတ်နှင့် ဖုန်းကို သွန်းခေတ်ပေါ်သို့ ပစ်ချလိုက်သော် သွန်းခေတ် လန့်နိုး လာလေသည် ။

"ဘာလဲကွာ ... ငါအိပ်နေတာကို"

"ငလူး ... မင်းကြောင့် ငါတို့ တွေ ဒုက္ခရောက်သွားတာ။ အတန်းလည်း လာမတက်ဘူး။ ငါ့ဆီက စာတွေ ပြန်ကူးဖို့ တော့ မစဉ်းစားနဲ့ "

"ဘာဒုက္ခ ရောက်တာတုန်း"

"မင်းဖုန်း passwordကို ဖွင့်ဖို့ ကြိုးစားရင်း တီချယ်မိသွားလို့ အတန်းထဲမှာ မတ်တတ် ရပ်ခဲ့ရတယ်ဟ"

လွန်းစကားအဆုံး သွန်းခေတ် ထရယ်တော့သည် ။

"ကောင်းတယ်လေ။ ငါ့ဖုန်းpasswordဖွင့်ချင်တာကို နည်းတောင် နည်းသေးတယ်"

လွန်းကတော့ မျက်နှာတည်ကြီးနှင့် သွန်းခေတ်ကို လက်ညှိုးထိုးကာ ပြော လာလေသည် ။

"လာရယ် မနေနဲ့ နော်။ ငါကောလမင်းကော မင်းကို စိတ်တိုနေတာ။ သူငယ်ချင်းဆိုလို့ ဒီသုံးယောက်ထဲ ရှိတာကို မင်းက အရမ်းလျှို့တာ။ မင်းနဲ့ စကားကို မပြောချင်ဘူး။ ငါရှင်းရှင်းပဲ ပြောမယ်"

"ယံယံတို့ မာမားတို့ ပြောလို့ မရဘူးလား ... "

အူမြူးနေသော သွန်းခေတ်က ရအောင် နောက်လိုက်သေးသည် ။ ထို့ကြောင့် ခေါင်းဦးနှင့် ပစ်ပေါက်ခြင်း ခံလိုက်ရပြန်သည် ။

"ငါတကယ် စိတ်တိုနေတာနော် သွန်းခေတ်။ မင်းအဲဒီ အကြောင်းကို မပြောသရွေ့ငါနဲ့ စကား လာမပြောနဲ့ "

သွန်းခေတ်လည်း စိတ်မရှည်ချင်တော့။ ဘယ်လောက်ပဲ ခင်ခင် ပြောပြသင့်တာကိုပဲ သူပြောပြချင်ပါသည် ။ ဖြစ်လာမည့် နောက်ဆက်တွဲ ပြဿနာတွေကို သူမဖြေရှင်းချင်ပါ။ မေးလာမည့် မေးခွ န်းတွေကိုလည်း သူမဖြေချင်ပါ။

"မင်းကကော နားလည်ပေးနိုင်မှာ မို့လို့ လား ... ပြီးတော့ မင်းပါးစ ပ်ကို ဆင်ခြင်နိုင်လား ... "

"ငါသူငယ်ချင်းတွေ အပေါ် နားမလည်ပေးတာမျိုးလည်း ဘယ်တုန်း ကမှ မရှိခဲ့ဘူး သွန်းခေတ်။ မင်းငါ့ကို မယုံလည်း ရတယ်။ သူငယ်ချင်း ကောင်း ဆိုတာ အချင်းချင်း ယုံကြည်မှု ရှိရတယ်ကွ။ ငါအရမ်းကြီး သိချ င်လွန်းလို့ တော့ မဟုတ်ဘူး ။ ငါတို့ ကြားမှာ ဖုံးကွယ်ထားတဲ့ ကိစ္စရှိနေ လို့ စိတ်ဆိုးတာ။ မင်းငါ့ကို မယုံသရွေ့ ငါတို့ သူငယ်ချင်းတွေ ဖြစ်မှာ မ ဟုတ်ဘူး "

ထို့နောက် သူတို့ နှစ်ယောက်ကြား တိတ်ဆိတ်မှုသာ ကြီးစိုး သွား လေသည် ။ လွန်းလည်း ဆိုင်ကယ်သော့ကို ဆွဲလျက် တံခါးကို ဝုန်းခနဲ မြည်အောင် ဆောင့်ပိတ်ကာ အပြင်သို့ ထွက်သွား လေတော့သည် ။

သွန်းခေတ်လည်း အိပ်ရာပေါ် ပြန်လှဲနေရင်း ဖုန်းpasswordလေးကို ဖွင့် လိုက်လေတော့ password လေးက ... Khun ... တဲ့ လေ ...

***